မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်
*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 18 / Issue 6 / May / 2025*

## Happy Father's Day

### Sunday, June 18, 2025

=====================================

### Bible verses for Father's Day




သုတ္တံကျမ်း။ ၂၃း၂၄ ။
ဖြောင့်မတ်သောသူ၏အဘသည် အလွန်ဝမ်းမြောက်လိမ့်မည်။
ပညာရှိသောသားကိုဖြစ်ဘွားစေသောသူသည် ထိုသား၌အားရဝမ်းမြောက်လိမ့်မည်။

## 2025 June, Sunday Worship Programs:

**June** 2025

| Sun | Mon | Tue | Wed | Thu | Fri | Sat |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 Juneteenth | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | | | | | |

*June 1, 2025 … Holy Communion Sunday*

*June 8, 2025 … Sunday Worship Service*

*June 15, 2025 … Father's Day Special Worship Service*

*June 22, 2025 … Sunday Worship Service*

*June 29, 2025 … Worship Through Music Service*

---

*Worship Place*
*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

*Worship Service*
*Sunday Worship (Sunday) 2:00 PM*
*Sunday school (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*

*ဖခင်များနေ့သို့ ...*

# မင်္ဂလာရှိသောဖခင်

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

**ဆာလံကျမ်း၊ ၁၂၈း၁–၄,၆၊**

ထာဝရဘုရားကို ကြောက်ရွံ့၍၊
လမ်းခရီးတော်သို့ လိုက်သွားသမျှသော
သူတို့သည် မင်္ဂလာရှိကြ၏။

ထိုသို့ပြုလျှင် သင်သည် မိမိလက်နှင့်
လုပ်ဆောင်၍ ရသောအစာကို စားရလိမ့်မည်။
မင်္ဂလာရှိ၍ ကောင်းစားရလိမ့်မည်။

သင်၏မယားသည် သင့်အိမ်နားမှာ
များစွာအသီးသီးသော စပျစ်နွယ်ပင်ကဲ့သို့၎င်း၊
သားသမီးတို့သည် သင့်စားပွဲပတ်လည်၌
စိုက်ပျိုးသော သံလွင်ပင်များကဲ့သို့၎င်း ဖြစ်ကြလိမ့်မည်။

ထာဝရဘုရားကို ကြောက်ရွံ့သောသူသည်
ထိုသို့သောမင်္ဂလာရှိရလိမ့်မည်။

မိမိသားသမီးတို့၌ ဖွားမြင်သော
သားသမီးတို့ကိုလည်းမြင်ရလိမ့်မည်။

~~~~ ~~~~ ~~~~~~~~ ~~~~ ~~~~

## ဖခင်များအတွက် အားသစ်လောင်း

ဤလောကရှိ လူသားအပေါင်းတို့ကို ဖန်ဆင်းပိုင်သအုပ်ထိန်းတော်မူသော ဘုရားသခင်သည် ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင် အဖခမည်းတော်ဘုရား ဖြစ်သည်။

ကမ္ဘာဦးကျမ်း၊ ၁း၂၇–၂၈ မှာ၊ 'လူသားများတို့သည် ဘုရားသခင်၏သဘာဝသဏ္ဍာန်တော် အတိုင်း ပုံသွင်းပြုပြင် ဖန်ဆင်းခံရသည်။' ဟု ပြောထား၏။

လူသားမိဘများ၏ အုပ်ထိန်းစောင့်ရှောက်မှု မူလအရင်းအမြစ်သည်လည်း ဘုရားသခင်၌အစပြုပါသည်။ ထို့ကြောင့်၊ လူသားမိဘများတို့ အုပ်ထိန်းမှုအားလုံး၏ စံနမူနာသည် အဖဘုရားသခင်၌အခြေခံ၍ လုပ်ဆောင်ခြင်းဖြစ်သည်။

သို့ဖြစ်၍၊ ကလေးသူငယ်များ ကြီးပြင်းရာလမ်းတလျှောက်မှာ မိဘများတို့သည် အဖဘုရားသခင်ကို အစဉ်မျှော်ကြည့်၍၊ နှုတ်ကပါတ်တော်၌ ကျမ်းစာလာသည့်အတိုင်း သွန်သင်ဆုံးမ၍ နည်းလမ်းပြကြရသည်။

လောကဖခင်တို့သည် သားသမီးများကို ကောင်းကင်ဘုံရှင်အဖ ထာဝရဘုရားသခင်ကို ကြောက်ရွံ့ရိုသေခြင်းသဘောကို ဂရုစိုက်သွန်သင်ပေးရပါမည်။ ထိုအချက်ကိုလက်မလွတ်ပါစေနှင့်။ သို့မှသာ၊ မိမိတို့ကို အစဉ်ကြည့်ရှုဂရုစိုက်နေကြောင်းကိုသိမြင်၍၊ အမှားကိုပြုရန် ကြောက်ရွံ့ကြပါလိမ့်မည်။ မုသာစကားကိုလည်း ရွံမုန်းလာကြလိမ့်မည်။ အခွင့်မရှိဘဲ ဘယ်အရာကိုမျှ မကိုင်မထိ၊ မတို့မမြည်း၊ မပြောမဆို ကြတော့ပါ။ ငယ်ရွယ်စဉ်ကပင် သစ္စာရှိသော သားသမီးများဖြစ်ကြသဖြင့် ဘုရားသခင်ရှေ့၊ လူအများရှေ့မှာ မျက်နှာရလိမ့်မည်။ ကြီးပြင်းရာလမ်းတလျှောက်မှာ ဆုတ္တော်ကခလုပ်ကင်းရှင်းမည်။

တခါတရံ၊ အခက်အခဲမည်သို့ပင်ရှိပါလေစေ၊ လောကမိဘများက ပစ်ပယ်ထားကြလည်း ကျွန်ုပ်တို့သည် အဖဘုရားသခင်၏ ချစ်မြတ်နိုးခြင်း ခံရသူများ ဖြစ်သောကြောင့် အဖဘုရားသခင်သည် မေ့လျော့မထား၊ ပစ်ပယ်မထားဘဲ၊ လိုက်လံရှာဖွေ၍ ပြန်တွေ့လျှင်၊ မျက်မှောက်တော်ရင်ခွင်အောက်မှာ ကြည့်ရှုပြုစုမည်ဟု ဂတိတော်ရှိကြောင်း သမ္မာကျမ်းစာမှာ ဖော်ပြထားသည်။

သမ္မာတရားနှင့်အညီအုပ်ထိန်းမှုအောက်၌ ကြီးပြင်းလာကြသော သားသမီးတို့အားဖြင့် မိဘများသည် အဖဘုရားသခင်၏သဘောသဘာဝကို ထင်ဟပ်ပေါ်လွင်စေသည်။ ထိုသို့ ပြီးပြည့်စုံရန် ကောင်းကင်ဘုံရှင် အဖခမည်းတော်ထံ အချိန်မှန်မှန် ဆုတောင်းခံခြင်းဖြင့် အားသစ်လောင်း၍ ခွန်အားရယူကြရမည် ဖြစ်ပါသည်။

ထိုသို့ပြုလျှင်၊ မိမိ၏အိမ်ထောင်အပေါ်သို့ သက်ရောက်လာမည့် ကောင်းကြီးမင်္ဂလာများကို တစ်ခုနောက်တစ်ခု ရေတွက်ရင်း၊ အဖဘုရားသခင် ပြုတော်မူသော ကျေးဇူးတော်အပေါင်းကို အံ့ဩချီးမွမ်းရပါလိမ့်မည်။

ဖခင်များ တို့သည် ပြီးပြည့်စုံသောသူများ မဟုတ်ကြသော်လည်း သခင်ယေရှုခရစ်သည် မကြာခဏပင် အဖဘုရားသခင်ထံ ဆုတောင်းခံခြင်းဖြင့် ခွန်အားရယူခဲ့သည်နည်းတူ ဖခင်များတို့သည်လည်း ဆုတောင်းခြင်းဖြင့် အားသစ်လောင်းနိုင်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။ ။

# ဖခင်တို့၏
# အကောင်းမြတ်ဆုံးလက်ဆောင်

---

### ၇ွန်လ၊ ၁၅ရက်၊ ၂၀၂၅၊ ဖခင်များနေ့ကိုရည်မှန်းလျက် .. ဖခင်များကိုဂုဏ်ပြုပါသည်။

ဖခင်များနေ့ကို ကမ္ဘာအနှံ့ နိုင်ငံအများအပြား၌ ဂုဏ်ပြုကျင်းပကြသည်။

ဖခင်များနေ့သည် မူလကနဦးက ဖြစ်ပေါ်လာပုံ၊ လုပ်ဆောင်ကျင်းပပုံများ၊ နေ့စွဲရက်များ၊ မတူညီကြသော်လည်း မိဘနေရာ၌ရပ်တည်နေသည့်ဖခင်များကို ဂုဏ်ပြုသည့်သဘောသဘာဝက အတူတူပင် ဖြစ်ပါသည်။

ယခုနှစ် ဖခင်များနေ့တွင်၊ တမူပြောင်း၍ ထူးထူးခြားခြား တစ်ခုခုကို လုပ်ဆောင်ဘို့ရန် ကျွန်တော်စဉ်းစားမိသည်။

ယခင်ဖခင်များနေ့ကဲ့သို့သားသမီးများကပို့စကာဒ်ပို့၊ လက်ဆောင်ပစ္စည်းပေး၊ ဖုန်းဖြင့်နှုတ်ခွန်းဆက်လာမှုကို စောင့်ဆိုင်းမနေဘဲ၊ သားသမီးများနှင့် ကျွန်တော့်ဇနီးထံသို့ ချီးကျူးကျေးဇူးတင်သောစကားနှင့်စာများပေးပို့ရန် စီစဉ်လိုက်သည်။ သူတို့မရှိလျှင် ကျွန်တော် ဖခင်တစ်ဦး မဖြစ်နိုင်။

သားသမီးများ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း၌ ဖခင်သည် သားသမီးများ အမျက်ထွက်၍ စိတ်ဆိုးအောင်၊ စိတ်ပျက်အားလျော့အောင် ပြုသူမဖြစ်ဘဲ။ အပြုသဘောနှင့် တည်ဆောက်ပေးသူဖြစ်ရန်၊ တမန်တော်ကြီးရှင်ပေါလုမှ ဖခင်များကို သွန်သင်ထားပါသည်။

> အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်၊
> သခင်ဘုရား၏အလိုတော်နှင့်ညီသော ဆုံးမသွန်သင်ခြင်းကို ပြုလျက်ကျွေးမွေးကြလော့။
> ဧဖက်ဩဝါဒစာ၊ ၆း၄။
>
> --------
>
> အဘတို့၊ ကိုယ်သားသမီးကိုစိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်။
> ထိုသို့ပြုလျှင်၊ သူတို့သည်အားလျော့ စိတ်ပျက်ခြင်းသို့ ရောက်ကြလိမ့်မည်။
> ကောလောသဲဩဝါဒစာ၊ ၃း၂၀။

ဤကျမ်းချက်များ၌၊ မိသားစုပေါင်းသင်းဆက်ဆံရေးနှင့် စပ်လျဉ်း၍၊ တစ်ဦးပေါ်မှာတစ်ဦး ချစ်ခြင်း၊ ရိုသေလေးစားခြင်း၊ ပံ့ပိုးကူညီခြင်း၊ ခွင့်လွှတ်ခြင်း .. သဘောတရားများ ပါရှိနေပေသည်။

ကိုယ့်သားသမီးများ တဖြည်းဖြည်းနှင့်ကြီးပြင်းလာသည်တွင်၊ ဖခင်၏ကဏ္ဍက ပြောင်းလဲသွားသော်လည်း ပြီးဆုံးသွားခြင်းမဟုတ်ပါ။ ကိုယ့်သားသမီးတို့က ငယ်ရွယ်သည်ဖြစ်စေ၊ ကြီးပြင်းလာသည် ဖြစ်စေ၊ ဖခင်တို့၏ ချီးမွမ်းမှု၊ အားပေးမှု၊ ကူညီမစမှု တို့ကို လိုလားတောင့်တ ကြိုဆိုနေမြဲပါ။ ကိုယ့်သားသမီးတို့အတွက် ဆုတောင်းပေးခြင်း၊ ကောင်းကြီးပေးခြင်းသည်လည်း ဖခင်တို့၏ တန်ခိုးပါဝါတစ်ရပ် ဖြစ်ပေ၏။

> ဘွားမြင်သောသားသမီးတို့သည် ထာဝရဘုရားဆုချ၍ပေးသနားတော်မူသောအမွေဥစ္စာ ဖြစ်ကြ၏။ အသက်ပျိုစဉ်၊ ဖွားမြင်သောသားသမီးတို့သည် သူရဲလက်၌ရှိသော မြှားကဲ့သို့ ဖြစ်ကြ၏။ မိမိမြှားတောင့်ကို သူတို့နှင့်ပြည့်စေသောသူသည် မင်္ဂလာရှိ၏။ သူတို့သည် ရှက်ကြောက်ခြင်းမရှိ။ ရန်သူတို့ကိုတံခါးဝ၌ ဆီးတားကြလိမ့်မည်။
> ဆာလံကျမ်း၊ ၁၂၇း၃–၅။

ဖခင်တစ်ဦးမှ သားသမီးများကို ပေးနိုင်သည့် အကောင်းမြတ်ဆုံးသော လက်ဆောင်မှာ၊ မိမိ၏မေတ္တာပြမှု၊ အားပေးမှု၊ ပံ့ပိုးမှု၊ ကြင်နာမှုနှင့်ဂရုစိုက်မှုပင် ဖြစ်သည်။ ထိုသို့သောအရာများက ထုနှင့်ထည်နှင့် ရုပ်လုံးအသွင် ကိုင်တွယ်ပြ၍ မရနိုင်ပါသော်ငြားလည်း အိမ်ထောင်တွင် မိခင်ဖခင်နှင့်သားသမီးများအကြား၌ အမှန်အလိုအပ်ဆုံးသော အရာများပင် ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး မြတ်နိုးတန်ဖိုးထားမှုကို အစဉ်ပြသနေပါလျှင်၊ ချည်နှောင်ထားသော မေတ္တာသံယောဇဉ်ကြိုး ခိုင်မြဲနေကြောင်း ထင်ရှားပေါ်လွင်နေမည် ဖြစ်ပါ၏။

> သားသမီးတို့သည် မိဘအတွက် ဥစ္စာကိုဆည်းဖူးရသည်မဟုတ်။ မိဘတို့သည် သားသမီးတို့အတွက် ဆည်းဖူးရ၏။ ငါသည် သင်တို့ချစ်ခြင်းမေတ္တာစိတ်ကို တိုးပွားသည်အတိုင်း သင်တို့သည် ငါ့ကိုချစ်ခြင်းမေတ္တာစိတ် ဆုတ်ယုတ်သော်လည်း၊ သင်တို့စိတ်ဝိညာဉ်၏ အကျိုးအလိုငှါ ငါသည်ကိုယ်ဥစ္စာကိုငှင်း၊ ကိုယ်ကိုငှင်း၊ ကုန်စေခြင်းငှါ အလွန်စေတနာရှိ၏။
> ကောရိန္သုဩဝါဒစာဒုတိယစောင်၊ ၁၂း၁၅။

မိမိ၏သွေးသား (သို့) ပြုစုပျိုးထောင်ပေးရသောဝိညာဉ်သားသမီးများသည် ဘုရားသခင်ထံမှလာသော တည်မြဲသည့် ကောင်းကြီးမင်္ဂလာ၊ အဘိုးတန်ဘဏ္ဍာ၊ အမွေဥစ္စာ၊ ရတနာများဖြစ်သောကြောင့် ၎င်းတို့ပျက်စီးဆုံးရှုံးခြင်းသို့ မရောက်ရစိမ့်သောငှါ၊ ဖခင်တို့သည် သားသမီးများနှင့်အချိန်ယူ၍ ချစ်ခင်ရင်းနှီးနေထိုင်နိုင်ဖို့ရန် မိမိတို့ကိုယ်၊ မိမိတို့အချိန်နှင့် မိမိတို့ခွန်အားကို အစွမ်းရှိသမျှပေး၍၊ မေတ္တာဖြင့် အကျိုးရှိစွာ ပြုစေခြင်းငှါ စေတနာထက်သန်ရမည်မှာ ဘုရားပေးတာဝန်ပါ။

ဖခင်များအပေါင်းတို့ ..

ဖခင်များနေ့သည် မိမိ၏သားသမီးများကို မည်မျှချစ်ကြောင်း၊ မည်မျှမြတ်နိုးကြောင်း ပြောရမည့်အချိန်ကောင်းဖြစ်သည်။ ထို့ပြင်၊ မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ရန်လည်းလိုအပ်၏။

# သမ္မာကျမ်း၌ပါသောအနာဂတ္တိကျမ်းစကား




❑

ဘုရားရှင်၏ နှုတ်ထွက်စကား သမ္မာတရား တိမ်လိုကာရန် စာတန်ဖုံးကွယ် ၊
အလင်းဆိုက်ရောက် အမှောင်ဖြိုခွင်း ထွန်းတောက်နေသွင် ဇာတိနှင့်ရှင်
လောကသားတွင် ထင်ရှားပေါ်လွင် မြင်တွေ့ခဲ့ပြီ။

❑

လောကတွင်းမှာ မှန်တရားဟာ သင်ကြားချက်မှ ဖြစ်တည်ရာတွင်
အတွေးခေါ်တွေ ပေါ်ထွက်လာနေ ဤမှတဆင့် စံနစ်များသည် ပွင့်ဖြိုးလာပြီ။


❑

ထက်အရပ်မှ သက်ရောက်လာသော ပညာမူကား
ဦးစွာစင်ကြယ် ဖြည်းညှင်းခြင်းဝယ် သွေးဆောင်လွယ်၏။
လျှို့ဝှက်ခြင်းနှင့် ကင်းစင်လျက်ရှိ ကရုဏာနှင့် ဥပေက္ခာပြု
စောင့်ရှောက်တတ်သူ ဖြောင့်မတ်ချက်များ ငြိမ်သက်စွာကြဲ
ဇေဝဲဇဝါ ငါ၏ဒေသနာ သမ္မာ၊အသက် လမ်းခရီးမှာ ငါနှင့်လျှောက်လှမ်း
လက်ခံယုံလျှင် ဗတ္တိဇံကို ခံယူခြင်းဖြင့် ကောင်းကင်နိုင်ငံ ဝင်ရောက်လိမ့်မည်။

❑

သာ၍မြဲမြံ အနာဂတ္တိ ကျမ်းစကားကို ဆင်ခြင်ရာမှာ မဂ်လာရှိ
စိတ်နှလုံးတွင် အာရုံကျင်းလျက် ရောင်နီပေါ်ထွက် ကာလရောက်ရာ
အနာဂတ္တိ စကားတော်၌ မှောင်မိုက်ရပ်တွင် ထွန်းလင်းလိုက်ပြီး
ဆီမီးကဲ့သို့ သင်တို့များသည် ကျမ်းစာထဲမှာ အနာဂတ္တိ စကားတော်၌
ကိုယ့်လိုလိုက်လျက် အနက်ကင်း၍ လူ့လိုအားဖြင့် မထင်မရှား
ဘုရားရှင်၏ သန့်ရှင်းဝိညာဉ် တိုက်တွန်းခြင်းဖြင့် ဟောပြောနှင့်ပြီ။ ။

# ထာဝရဘုရား၏တရားတော်စောင့်ခြင်းအကျိုးကျေးဇူး




♦ ထာဝရဘုရား၏နှုတ်ကပတ်တော်သည်
အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။

♦ ထာဝရဘုရား၏တရားတော်သည်
စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏။

♦ ထာဝရဘုရား၏သက်သေခံတော်မူချက်သည်
ဟုတ်မှန်သည်ဖြစ်၍ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်၏။

♦ ထာဝရဘုရား၏နည်းဥပဒေသတို့သည်
ဖြောင့်မတ်သည်ဖြစ်၍ စိတ်နှလုံးကိုရွှင်လန်းစေတတ်၏။

♦ ထာဝရဘုရား၏ပညတ်တော်သည်
စင်ကြယ်သည်ဖြစ်၍ မျက်စိကိုရှင်းလင်းစေတတ်၏။

♦ ထာဝရဘုရားကိုကြောက်ရွံ့ခြင်းသဘောသည်
သန့်ရှင်းသည်ဖြစ်၍ ကာလအစဉ်အမြဲတည်၏။

♦ ထာဝရဘုရား၏စီရင်တော်မူချက်တို့သည်
သစ္စာတရားနှင့်ညီ၍ တညီတ ညွတ်တည်း ဖြောင့်မတ်ကြ၏။

♦ ရွှေထက်မက များစွာသောရွှေစင်ထက် နှစ်သက်ဖွယ် ဖြစ်၍
ပျားရည်ထက်မက ပျားလပို့ထက် ချိုကြ၏။

♦ တရားတော်အားဖြင့် တရားစောင့်ခြင်းအကျိုးသည် ကြီးလှပါ၏။ ။

# ကမ်းလှမ်းချက်ကို လက်ခံပါ



သင်္ဘောတစ်စီးသည် နယူးယောက်ဆိပ်ကမ်းမှ အတ္တလန်တိတ်သမုဒ္ဒရာအတိုင်း ခရီးစဉ်မောင်းနှင်လာရာ ပနားမားတူးမြောင်းအနီးတွင် သင်္ဘောစက်ပျက်သွားသည်။

အခြားသင်္ဘောတစီးသည် ထိုသို့ ဒုက္ခရောက်နေသောသင်္ဘောကို တွေ့မြင်ရသောအခါ၊ အကူအညီပေးရန် ချဉ်းကပ်သွားပြီး မေးမြန်းရာတွင်၊ "ကျွန်ုပ်တို့သင်္ဘောက ပြန်လည်ကောင်းမွန်လာဖို့ အခြေအနေမရှိဘူး၊ မိုးလင်းတဲ့အထိ စောင့်ကြည့်ရပါလိမ့်မယ်"ဟု ပြန်လည်ဖြေကြားလိုက်သည်။ သင်္ဘောထဲသို့ရေများဝင်လာသည်ကို တွေ့နေရသဖြင့် "ယခု၊ လှေငယ်လေးပေါ်သို့ သင့်ရဲ့ခရီးသည်များကို ကျွန်ုပ်တို့ပါဝင်ကူညီ၍ သယ်ယူပို့ဆောင်ပါရစေ"ဟု ပြောဆိုရာတွင်၊ ကပ္ပတိန်က "ညအချိန် မိုးချုပ်နေပြီ ဖြစ်သည့်အတွက်ကြောင့် သင်္ဘောရဲ့ဥပဒေအရ အမှောင်ထဲမှာ ခရီးသည်များကို အပြောင်းအလဲလုပ်ခွင့်မပေးဘူး" ဟု သင်္ဘောကပ္ပိတိန်က ပြန်ပြောလိုက်သည်။

ထိုအခါ၊ အခြားသင်္ဘောကပ္ပတိန်ကလည်း "မိုးလင်းတဲ့အထိတိုင်အောင် မစောင့်သင့်ဘူး။ ယခုချက်ချင်း လေးလေးနက်နက် လုပ်ဆောင်သင့်တယ်"။ ဒါပေမဲ့လည်း သူကထိုသတင်းစကားကို ငြင်းပယ်ခဲ့လေသည်။ တစ်ညလုံး သူတို့အားလုံးစုဝေးပြီး အလင်းကို စောင့်မျှော်၍ နေကြပါသော်လည်း နောက်ဆုံးမှာသင်္ဘောကြီးနစ်မြုပ်ကာ လှိုင်းတံပိုးတွေကြားမှာ ပျောက်ကွယ်သွားခဲ့ရသည်။

သူတို့သည် အလင်းရောင်ကို မျှော်လင့်ပြီး စောင့်နေရာ၊ အချိန်နာရီသာ ကုန်လွန်သွားခဲ့သည်။ အဆုံးမှာ သင်္ဘောနစ်မြုပ်ပြီး လူများအားလုံးသေဆုံးခဲ့ရသည်။ ဤသို့စောင့်၍သာမျှော်နေကြမည်ဆိုလျှင် နောက်ဆုံးမှာ သေခြင်းသို့ရောက်ရှိလိမ့်မည်။

အလယ်အမေရိကသို့ ဦးတည်၍မောင်းလာသော သင်္ဘောကပ္ပိတိန်သည် နံနက်အလင်းရောင်ပေါ်ထွက်လာသည့်တိုင်အောင် အချိန်ကိုမစောင့်ဘဲ၊ ချက်ချင်းလုပ်ဆောင်ခဲ့ပါက၊ ကြေကွဲဝမ်းနည်းဖွယ်ရာ လောကီအသက်ဆုံးရှုံးခြင်းမှ အမှန်လွတ်မြောက်နိုင်ပါသည်။

သို့ရာတွင်၊ အခြေအနေအရ ဤသို့နှောက်နှေး ကြန့်ကြာမှုများ ဖြစ်လာစေမည့် ဥပဒေစည်းမျဉ်းများ၊ တားဆီးမှုများ၊ မြောက်များစွာရှိနေပါသည်။ တခါတရံတွင်၊ ထိုအရာများတို့ကြောင့် ကိုယ်ပိုင်ဆုံးဖြတ်ချရန် မဝံ့မရဲ ဖြစ်တတ်သည်။

ဤသည်ကား ... ကပ္ပိတိန်၏မဟာအမှားလား?။ တင်းကျပ်သောဥပဒေကြောင့်လား?။

ရှင်ယောဟန်၊ ၈း၁၂ ၌၊ သခင်ယေရှုက၊ "ငါသည် ဤလောက၏အလင်းဖြစ်၏။ ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌ မသွားမလာ။ အသက်၏အလင်းကို ရလိမ့်မည်။" ဟု မိန့်တော်မူခဲ့၏။

သို့ဖြစ်၍ စစ်မှန်သော 'အသက်၏အလင်း'ကို လူတိုင်း သိရှိဖို့၊ ကြားသိဖို့ လိုနေပြီ။

မှောင်မိုက်ထဲမှာ သွားလာသော လူများတို့သည် ကြီးစွာသောအလင်းကို မြင်ရ၍၊
သေမင်း၏နိုင်ငံအရိပ်တွင် ရှိနေသောသူတို့၌ 'အလင်း' ပေါ်ထွန်းလျက်ရှိ၏။ ဟေရှာယ၊ ၉း၂ ။

သေခြင်းတရားဆိုသည့် အသက်ဝိညာဉ်ဆုံးရှုံးခြင်းကို ကျွန်ုပ်တို့အားလုံးကြောက်ရွံ့ကြ၏။ ကျွန်ုပ်တို့၏ဘဝတွင် ဆုံးရှုံးခြင်းများနှင့် မကြုံတွေ့ရအောင် ပြင်ဆင်၍ ရှောင်ရှားနိုင်ကြသော်လည်း သေခြင်းတရားကို မည်သူမျှလှည့်စားအနိုင်ယူ၍ မရကြောင်းကို သိရှိကြ၏။ ထိုအကြောင်းရင်းမှာ၊ "အပြစ်တရား၏အခကား သေခြင်းပေတည်း။" ဟု သမ္မာကျမ်းစာက ဆိုထားပါသည်။ သို့သော်၊ တဖန် ဆက်လက်၍၊ "ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ .. ငါတို့ သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။".. ဆိုသည့် ဂတိတော်ရှိသည်။

ထာဝရဘုရားသခင်သည် သနားခြင်းဂရုဏာတော်နှင့် ကြွယ်ဝပြည့်စုံပြီး၊ မေတ္တာတော်သည် ကြီးမားသောကြောင့် လူအပေါင်းတို့အား ဝိညာဉ်ဆုံးရှုံးခြင်းမှ ကယ်တင်ဖို့ရန် ဘုရားသခင်သည် 'မိမိ၌တပါးတည်းသောသားတော်ယေရှု'ကို ဤလောကသို့စေလွှတ်ခဲ့ပါသည်။ သခင်ယေရှုခရစ်တော်သည် ကျွန်ုပ်တို့ကို အပြစ်သားဘဝမှ လွတ်မြောက်ဖို့အတွက် လက်ဝါးကပ်တိုင်ပေါ်တွင် အသွေးတော်သွန်းပြီး အသေခံတော်မူခဲ့၏။ သင်္ချိုင်းတွင်း၌သင်္ဂြိုဟ်ပြီးမှ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ရှင်ပြန်ထမြောက်တော်မူ၏။ လူအပေါင်းတို့သည် သခင်ယေရှုခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ရောက်ရကြပါ၏။ ဤသည်ကား၊ 'ထာဝရအသက်ရှင်ခြင်း' ဖြစ်သည်။

သခင်ယေရှုက၊ " ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏။
ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်းရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူရှိ သမျှတို့သည်လည်း သေခြင်းနှင့်အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။ ".. ဟု မိန့်ကြားခဲ့ရာတွင်၊ "ငါ့စကားကို ယုံသလော" ဟုမေးတော်မူလျှင်၊ ကျွန်ုပ်တို့သည် ဟုတ်ပါ၏သခင် ...၊ မှန်ပါ၏သခင်...၊ ယုံကြည်ပါသည်သခင် ... ဟူ၍ မဆိုင်းမတွ ပြန်၍လျှောက်နိုင်ပါမည်လား။

သခင်ယေရှုကမ်းလှမ်းနေသည့် ကယ်တင်ခြင်းကိုလက်ခံပါ။
ကယ်တင်ခြင်းသည် ကျေးဇူးပြုခြင်းဖြစ်သည်။ အဘိုးအခပေးရန်မလိုပါ။
ကယ်တင်ခြင်းကျေးဇူးသည် ယုံကြည်ခြင်းအားဖြင့်သာ အစဉ်အအမြဲတည်၏။

သမ္မာကျမ်းစာ၌၊ ဤသို့ပြောထားပါသည်။ .. "ဗျာဒိတ်တော်အချက်ဟူမူကား၊ နှစ်သက်ဖွယ်သောအချိန်၌ သင်၏စကားကို ငါနားထောင်ပြီ။ ကယ်တင်ရာနေ့ရက်ကာလ၌ သင့်ကို ငါမစပြီ။ ဟု လာသည်နှင့်အညီ ယခုပင်၊ နှစ်သက်ဘွယ်သောအချိန်ရှိ၏။ ယခုပင်၊ ကယ်တင်ရာနေ့ရက်ကာလရှိ၏။"

ယခုတွင်၊ မိတ်ဆွေ .. "သင့်အား ကယ်တင်ခြင်းကမ်းလှမ်းနေသည့်အတွက် မစောင့်နှင့်။ မနှောင့်နှေးပါနှင့်။ တွန့်ဆုတ်မနေပါနှင့်။" လေးနက်စွာ စဉ်းစားပါ။ သင့်၏စိတ်နှလုံးကို ဘုရားသခင်ထံမှာ အပ်နှံပြီးပြီလား?။ သင့်အသက်တာကို ပြင်ဆင်ပြီးပြီလား?။ ကယ်တင်ရှင်ယေရှုခရစ်တော် တဖန်ကြွလာလျှင် ဖူးတွေ့လိုက်ပါရန်အတွက် အဆင်သင့်ရှိရန်လိုပါသည်။ ပြင်ဆင်၍စောင့်နေကြရမည်။ ကျွန်ုပ်တို့အတွက် .. "သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ ဝင်စားသောအခါ၊ သေခြင်းသည် အောင်ခြင်း၌နစ်မြုပ်ပြီ။"ဆိုသော ကျမ်းစကားသည် အမှန်ပင် ပြည့်စုံလာလိမ့်မည်။

သခင်ယေရှုခရစ်တော်အားဖြင့် ငါတို့အားအောင်ခြင်းအခွင့်ကို ပေးတော်မူသော
ဘုရားသခင်၏ကျေးဇူးတော်သည် ကြီးလှစွတကား။ ဟာလေလုယ .. အာမင်။